မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910 E-mail :
blcsan@ksc.th.com; Website : www. blc-burma.org

# မတရားအသင်းအဖြစ်ကြေငြာခြင်းခံထားရသော အသင်းအဖွဲ့များကို မတရားအသင်းအဖြစ်မှ ပြန်လည်ရုပ်သိမ်းပေးသင့်ကြောင်း ဥပဒေရေးရာထုတ်ပြန်ကြေငြာချက်

၁။ မတရားအသင်းအက်ဥပဒေကို မြန်မာနိုင်ငံလွတ်လပ်ရေး မရမီ နှစ်ပေါင်း (၄၀) ၊ ၁၉၀၈ ခုနှစ်တွင် ဗြိတိသျှ ကိုလိုနီ အစိုးရက The Unlawful Association Act, 1908 အဖြစ်ပြဌာန်းခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က ဗြိတိသျှ အစိုးရသည် ၎င်းတို့၏ နေမဝင်အင်ပါယာ ကိုချဲ့ထွင်လျှက်ရှိပြီး အုပ်ချုပ်သော ကိုလိုနီ နိုင်ငံ များအပေါ် ၎င်းတို့၏သြဇာအာဏာအရှည်တည်တံ့ လွှမ်းမိုးနေစေရန် ရေးရှု၍လည်းကောင်း မျိုးချစ် စိတ်ဓာတ်ရှင်သန်ထက်မြက် သူများ၏ စုစည်းညီညွတ်မှုအင်အားကို ဖိနှိပ်ချုပ်ချယ်ဖြိုခွင်းနိုင် ရန်ကြံ ရွယ်ချက်ဖြင့်လည်းကောင်း၊ ယင်းဥပဒေကို ပြဌာန်းထားခဲ့ခြင်းဖြစ်သည်။

ယင်းဥပဒေကိုပင် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ဆက်လက်ကျင့်သုံးခြင်းဖြင့်လည်းကောင်း၊ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီလက်ထက်တွင်လည်း ဆက်လက်ကျင့်သုံးခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြား မှု တည် ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ လက်ထက် များတွင်လည်း ဆက်လက် ကျင့်သုံးခြင်းဖြင့်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများနှင့် နိုင်ငံရေးအသင်း အဖွဲ့များ ကို မတရားအသင်း အဖြစ်ကြေငြာခဲ့သည်။

## ၂။ မတရားအသင်းအဖြစ်အဓိပ္ပါယ်ဖွင့်ဆိုချက်

ယင်းဥပဒေအရ မတရားအသင်းဆိုသည်မှာ –

(က) ရုန့်ရင်းကြမ်းတမ်းမှုများနှင့် ခြိမ်းခြောက်မှုများကို ကျူးလွန်ရန် – အားပေး/ကူညီ/ ပြုကျင့်လေ့ ရှိ သောအဖွဲ့အစည်း သို့မဟုတ် အဖွဲ့ဝင်များပါဝင်သော အသင်း –

(ခ) ဤဥပဒေ အပ်နှင်းသော အာဏာများအရ အစိုးရက မတရားအသင်း ဟုကြေငြာခြင်းခံ ရသော အဖွဲ့အစည်း စသည်တို့ဖြစ်သည်။

၃။ – မြန်မာနိုင်ငံအစိုးရအဆက်ဆက်၏ မတရားအသင်းအဖြစ်ကြေငြာခြင်းခံခဲ့ကြရသော အသင်းအဖွဲ့များ သည် ယနေ့မျက်မှောက်ကာလတွင် မတရားအသင်းအဖြစ်သတ်မှတ်၍ မရနိုင်တော့သည့် ရပ်တည်ချက် များဖြင့် ရပ်တည်လျှက်ရှိကြောင်း အောက်ပါအတိုင်းဥပဒေရေးရာသုံးသပ်တင်ပြပါသည်။

– ယနေ့ကာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအား လက်နက်ကိုင်ခြင်း နည်းဖြင့်လည်းကောင်း၊ ငြိမ်းချမ်းသောနည်းဖြင့်လည်းကောင်း၊ တော်လှန်ရေးကို ဆက်လက်လုပ်ဆောင် လျှက်ရှိသော အဖွဲ့အစည်းများသည် ရုန့်ရင်းကြမ်းတမ်းမှုများ၊ ခြိမ်းခြောက်မှုများနှင့် လက်နက်ကိုင် သောင်းကျန်းမှုများကို ပြုလုပ်နေကြသည်မဟုတ်ဘဲ အမျိုးသားပြန်လည်သင့်မြတ်ရေး ရည်ရွယ်ချက် ဖြင့်လည်းကောင်း၊ ဖက်ဒရယ် ပြည်ထောင်စုတရပ် စစ်စစ်မှန်မှန်ပေါ်ထွန်းဖြစ်တည်လာစေရေး ရည်ရွယ်ချက် ဖြင့်လည်းကောင်း၊ စစ်မှန်သော ဒီမိုကရေစီစနစ် ပေါ်ထွန်းဖြစ်တည် အရှည်တည်တံ့ ခိုင်မြဲရေး ရည်ရွယ်ချက် ဖြင့်လည်းကောင်း တော်လှန်တိုက်ပွဲဆင်နွှဲနေ ကြခြင်းသာဖြစ်သည်။

– သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ရည်ရွယ်ချက် လုပ်ငန်းစဉ်များအတိုင်းလုပ်ကိုင်ဆောင်ရွက်လျှက်ရှိကြသော အသင်းအဖွဲ့များကို မတရားအသင်းအဖြစ် ကြေငြာထားခြင်းမှ ရုပ်သိမ်းပေးသင့်ကြောင်း ၊

– မြန်မာနိုင်ငံတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင် ဖွံ့ဖြိုးရေးကောင်စီနှင့် ငြိမ်းချမ်းရေးယူထားသော်လည်း ယနေ့တိုင်အောင် မတရားအသင်းအဖြစ်ကြေငြာထားခြင်းကို ပြန်လည်ရုပ်သိမ်းပေးခြင်း မရှိသော အသင်းအဖွဲ့များလည်း ရပ်တည်လျက်ရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် ယင်းအသင်းအဖွဲ့များအပေါ် မတရားအသင်းအဖြစ် ကြေငြာထားခြင်းမှ ရုပ်သိမ်းပေးရမည်ဖြစ်ကြောင်း ၊

– ထို့ပြင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မည်သည့် အသင်းအဖွဲ့ကို မဆို ငြိမ်းချမ်းရေးအတွက် မဆွေးနွေးမီ မတရားအသင်းအဖြစ် ကြေငြာထားခြင်းမှ ရုပ်သိမ်းပေးမှသာလျှင် ဥပဒေနှင့် အညီလုပ်ဆောင်သည်ဟု မှတ်ယူရမည်သာဖြစ်ကြောင်းနှင့် –

– ယင်းဥပဒေဖြင့် ဖမ်းဆီးထိမ်းသိမ်းထောင်ချခြင်းခံထားကြရသော မည်သည့်အကျဉ်းသားကို မဆို ပြန်လွှတ်ပေးသင့်ကြောင်း – တို့ကို ဥပဒေရေးရာသုံးသပ်ချက်ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံ ရှေ့နေများ ကောင်စီ

နေ့စွဲ–မတ်လ(၂၆)ရက်၊ ၂၀၀၉–ခုနှစ်

အသေးစိပ်သိလိုပါလျှင် ဆက်သွယ်ရန်– ဦးမျိုး (၀၈၆၂၁၆ ၀၁၀၈)၊ တာ၀န်ခံ၊ ဥပဒေ ရေးရာ သုံးသပ်ရေး အဖွဲ့။